

# ချင်းပြည်နယ်ခရီးစဉ်

## ခရီးသွားမှတ်တမ်း





MyatWunn





MYANMAR CUPID
Myanmar e-Books Library
Commercial Use of This Book will be at Your OWN RISK

# ချင်းပြည်နယ်ခရီးစဉ်

## ခရီးသွားမှတ်တမ်း

ခရီးသွားမှတ်တမ်းရေးသားသူ : **MyatWunn**
PDF Creater : **academy**
*Myanamrcupid Community Forum*

## ‘ချင်းပြည်နယ်’ ခရီးစဉ်

ရသစုံလင် ချင်းပြည်နယ်ခရီးစဉ်လို့ ခေါင်းစဉ်တပ်ထားတဲ့ Tour company တစ်ခုရဲ့အစီအစဉ်နဲ့ ဧပြီလ (၁၁) ရက်နေ့ ညနေမှာ ခရီးစထွက်ဖြစ်ခဲ့ပါတယ်။ ရန်ကုန်ကနေ မုံရွာကို (၁၂) ရက်နေ့မှာရောက်ပြီး မုံရွာကမှတဆင့် ကလေးမြို့ကို ခရီးဆက်ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ သစ်တောဧရိယာအများဆုံးရှိတဲ့ တိုင်းတစ်တိုင်းဖြစ်တဲ့ စစ်ကိုင်းတိုင်းကို ဖြတ်ပြီး ချင်းပြည်နယ်ဘက်ကို သွားရမှာ ဖြစ်တာမို့ မကြာခင် အာရှလမ်းမကြီးအဖြစ်ဖောက်လုပ်မယ့် မုံရွာ–ယာကြီးလမ်းအတိုင်း ကလေးမြို့ဆီ သွားခဲ့ပါတယ်။

မုံရွာက စထွက်တယ်ဆိုရင်ပဲ အလုံ၊ ကနီမြို့နယ် အစရှိတာတွေအတွင်းမှာ ကတ္တရာလမ်းလို့ ပြောလို့ရပေမယ့် တဖြည်းဖြည်းနဲ့ ဖုန်ထူထူလမ်းတွေကို စတွေ့ရတော့တာပါပဲ။ မုံရွာအထွက်မှာတုန်းကတော့ လမ်းဘေးတစ်ဖက်တစ်ချက်မှာ အစီအရီစိုက်ထားတဲ့ အင်ပင်တန်းတွေနဲ့ စိမ်းစိမ်းစိုစို တွေ့ခဲ့ရပေမယ့် နောက်ပိုင်းမှာတော့ သစ်ပင်ကျိုးတိုကျဲတဲနဲ့ ဖုန်ထူထူမြေလမ်းကိုသာ ဖြတ်ခဲ့ရပါတယ်။ လမ်းတစ်လျှောက်မှာလည်း ရွာစဉ်ရွာတန်း အနည်းငယ်သာတွေ့ခဲ့ရပြီး ဖြတ်သွားဖြတ်လာ ကားတချို့နဲ့ ဆိုင်ကယ်အနည်းငယ်ကိုသာ တွေ့ရပါတယ်။ တစ်ခုသတိပြုမိတာက အဓိက ရေအရင်းအမြစ်တွေ လျော့နည်းရှားပါးနေပါပြီ။



**အင်ပင်တန်း**





**ရေခမ်းခြောက်နေသော နေရာများ**

အဲ့ဒီနောက် ညနေ (၄) နာရီလောက်မှာ ရွာတန်းလေးတစ်ခုကိုရောက်ပြီး ဆိုင်ကြီးတစ်ဆိုင်မှာ ခဏဝင်နားကြပါတယ်။ ဆိုင်ရဲ့အနောက်ဘက် ရေကန်ကြီးတစ်ကန်နဲ့ စိမ်းစိမ်းစိုစို မြင်ကွင်းလေးတွေကို တွေ့ရတာ တော်တော်တောင် အမောပြေသွားပါသေးတယ်။ အဲ့အရှေ့မှာတုန်းက ဖုန်လမ်းတွေချည်းပဲကိုး။ ရေကန်ကြီးအနီးမှာ စင်လေးထိုးထားပြီး စင်ပေါ်မှာ ခရမ်းချဉ်သီး၊ ဗူးသီးအစရှိတာတွေ စိုက်ပျိုးထားတာတွေ တွေ့ခဲ့ရပါတယ်။ ဆိုင်ဘေးဘက်မှာတော့ အိမ်/ဆိုင် ဆောက်ဖို့အတွက် ထင်ပါတယ်၊ သစ်ပင်ကြီးတစ်ပင် ခုတ်လှဲထားတာ တွေ့ခဲ့ရပါတယ်။ နှမြောစရာတော့ တော်တော်ကောင်းသားပဲ။ ခုတ်လှဲထားတာတော့ အရိပ်ရအပင်ကြီးပါ။





ရွာဝင်လမ်းနှင့်ရေကန်





ခရမ်းချဉ်သီး



ခုတ်လှဲထားသော သစ်ပင်ကြီး

အဲ့ဒီကနေမှ ဆက်ပြီးသွားလိုက်တာမှာ တောင်တက်လမ်းတွေ စတင်ပြီး ည (၇) နာရီခွဲလောက်မှာ ကလေးဝမြို့ကို ရောက်ခဲ့ပါတယ်။ သံပြားခင်းတံတားတွေပေါ် ကားအဖြတ်မှာ..... ဝုန်းဝုန်းဆိုပြီး....

အိပ်ပျော်နေတာကနေ အသံကြားလို့ နိုးသွားတာလေ။ တဝုန်းဝုန်းနဲ့ ဘာဖြစ်လဲလို့ လှမ်းကြည့်လိုက်တော့ တံတားက တိုတိုလေးပါ ဒါပေမယ့် သံပြားတွေ အပြည့်ခင်းတဲ့ တံတားမို့လို့ အဲဒီလို အသံတွေမြည်နေတာပါ။

အချိန်က ည(၇)နာရီခွဲလောက်ဖြစ်တော့ တော်တော်တောင် မှောင်စပျိုးနေပြီ။ သွားနေရင်းနဲ့ အဲ့ဒီလိုတံတားမျိုး(၄-၅စင်း) စင်းလောက် ဖြတ်အပြီးမှာ ဟို့ခပ်ဝေးဝေး တောင်စောင်းမှာ မီးရောင် ကွင်းကွင်းလေးတွေ တွေ့ရတယ်။ စိတ်ထဲမှာ ကြားဖူးနားဝနဲ့ ဒါတောမီး လောင်နေတာပဲ ဖြစ်မယ်ပေါ့။ ဒါပေမယ့် ကားကလည်း မီးလောင်နေတဲ့ နေရာဆီပဲ ဦးတည်နေသလိုပေါ့၊ တဖြည်းဖြည်းနဲ့ နီးလာတာ။

စိတ်ထဲက ဘာဖြစ်လို့ ဒီလောက် ကားလမ်းနဲ့ နီးတဲ့နေရာမှာ တောမီးလောင်နေရတာလဲပေါ့၊ သစ်ပင်မှ မထူထပ်တာလေ၊ လူတွေက ငြိမ်းရင်နဲ့ ရတာပဲကို... တွေးရင်းနဲ့ ဘေးမှာထိုင်နေတဲ့ အမေ့ကို

'တောမီးလောင်နေတာ တီဗွီမှာ ကြည့်ရသလိုလည်း မဟုတ်ဘူးနော်' လို့ လှမ်းပြောလိုက်တော့ ရှေ့ခုံက မွေးရပ်ပြန်ချင်လို့ ကလေးမြို့အထိ လိုက်လာတဲ့ ကလေးမြို့သူက 'အမ အဲဒါ တောမီးလောင်တာမဟုတ်ဘူးလေ၊ တောမီးရှို့ထားတာ' လို့ ရှင်းပြပါတယ်။

'ဘာဖြစ်လို့ ရှို့ရတာလဲ' လို့မေးတော့ 'တောင်ယာလုပ်ဖို့အတွက်ပါ' လို့ ပြန်ဖြေပါတယ်။

ဒီလို နွေလောက်မှာ မီးရှို့ထားရင် မိုးလာတဲ့အခါ တောင်ယာစိုက်ဖို့ အဆင်သင့်ဖြစ်နေအောင်လိုပါလို့ သူက ရှင်းပြပါတယ်။ သစ်တော ဥပဒေတွေ ဘယ်လိုပဲ ရှိရှိ ဝမ်းရေးအတွက်ပဲမို့ပဲလေဆိုပြီး ဖြေသိမ့်လိုက်ရင်လည်း ဖြစ်ပေမယ့် ပြောင်းလဲလာတဲ့ ရာသီဥတုကို ကြည့်ပြီး ဥတုဖောက်ပြန်တဲ့ ဒဏ်ကို အရင်ဆုံး ခံစားရမှာက ဒေသခံပြည်သူတွေပါပဲလား.. လို့ စဉ်းစားမိပြန်တော့လည်း စိတ်မကောင်းဖြစ်မိပြန်ရောလေ။

ဒါပေမယ့်လည်း ညမှောင်မှောင်မှာ တောင်စောင်းလေးတွေပေါ်မှာ ဟိုတစ်ကွက် ဒီတစ်ကွက် မီးလောင်နေတာ မြင်ရတာလည်း ခပ်ဝေးဝေးက ကြည့်တော့ လှသလိုလို လေးပေါ့လေ။

အဲ့ဒီလိုနဲ့ နာရီ (၁၀) နီးပါး ကားစီးအပြီး ည (၉) နာရီလောက်မှာတော့ စစ်ကိုင်းတိုင်း ကလေးမြို့ကို ရောက်ခဲ့ပါတယ်။ ကလေးမြို့ကတော့ ရန်ကုန်မှာလိုပဲ ပူစပ်ပူလောင်နဲ့ မီးတွေမှောင်လို့ပေါ့လေ။ မှောင်နေတာများ မဲတူးနေတာပဲ။ နောက်တနေ့ ရိဒ်ရေကန်သွားဖို့အတွက် အားမွေးဖို့ (၁)ညတာ အိပ်စက်ခဲ့ပါတယ်။

ရိဒ်ရေကန်ဆိုတာက ချင်းပြည်နယ်ရဲ့အထင်ကရ အသဲနှလုံးပုံ ရေကန်ကြီးပေါ့။

တော်တန်ရဲ့ အလည်ရောက်ဖို့ဆိုတာ အလွန်ခဲယဉ်းတာမို့ ကြားဖူးရုံသာရှိပြီး တကယ်မရောက်ဖူးသေးတဲ့ ရိဒ်ရေကန် အတွက် စိတ်လှုပ်ရှားမိပါတယ်။ ရိဒ်ရေကန်ဆီ သွားဖို့ တီးတိန်မြို့ကနေတဆင့် ကားပြောင်းပြီး သွားရမှာလေ။ ဘာလို့လဲဆိုတော့ ပုံမှန် Express ကားကြီးတွေနဲ့ သွားလို့အဆင်မပြေဘူး၊ လမ်းက ကျဉ်းပြီး တောင်တတ်လမ်းပေါ့။ နီးနီးစပ်စပ်ပြောပြရရင်ဖြင့် ကျိုက်ထီးရိုးလို တောင်တက်လမ်း၊ ဒါပေမယ့် အဲဒီလောက်တောင် လမ်းက မကျယ်ဘူး၊ ကျောက်ခင်းလမ်းလည်း ဖြစ်နေ ပြန်တော့......

ကလေးမှာ တစ်ညအိပ်ပြီး မိုးလင်းတော့ သကြိန်အကြိုနေ့ပေါ့။ မနက် (၈) နာရီခွဲလောက်မှာ ကလေးကနေ တီးတိန်ကို ခရီးဆက်ခဲ့ပါတယ်။ လမ်းတစ်လျှောက်မှာ စစ်ကိုင်းတိုင်းနဲ့ ချင်းပြည်နယ်ကို ခြားထားတာက ဘာလဲသေချာ မသိလိုက်ဘူး။ မြောင်းလေးလား ချောင်းလေးလားပဲ။ ( နောက်လှည့် ပြီးတော့ စကားများနေလို့ ) ရှေ့လည်း ပြန်လှည့်လိုက်ရော ချင်းပြည်နယ် ဖြစ်သွားရော။

တောင်တက်လမ်းတွေများလာသလို လမ်းတွေကလည်း ကျဉ်းကျဉ်းလာပြီး ချင်းရွာတန်းတွေ အများကြီးကို ဖြတ်ခဲ့ရပါတယ်။ ဒီဘက်က လမ်းတွေကတော့ ကတ္တရာခင်းလမ်းတွေမို့ သွားရတာ အဆင်ပြေတယ်လေ။

Churchတွေကိုလည်း အမည်နာမပေါင်းစုံနဲ့ တော်တော်များများကို တွေ့ခဲ့ရပါတယ်။ ရွာတစ်ရွာရောက်ရင် church အနည်းလေး (၄)ခုလောက်ကတော့ တွေ့ကို တွေ့ရပါတယ်။ ထူးဆန်းတာတစ်ခုက ကျမ်းစာထဲက ကျမ်းချက်တချို့ ဒါမှမဟုတ် စာသားတချို့ကို ရေးထားတဲ့ အိမ်လေးတွေကို အများကြီး တွေ့ခဲ့ရပြီး အားလုံးက သော့တွေ ခတ်ထားကြတယ်လေ။ ကားပေါ်ပါလာတဲ့ ကလေးမြို့က ဒေသခံဦးလေးကြီးကို မေးကြည့်တော့ 'အဲ့ဒါက အိမ်လေးတွေဆိုပေမယ့် လူနေအိမ်ရယ်လို့ ပြောလို့ရတဲ့ ဟာတွေ မဟုတ်ဘူး၊ ရာသီဥတု အရမ်းဆိုးတဲ့အခါ ဖြတ်သွားဖြတ်လာ ကားမောင်းသူတွေ၊ ခရီးသည်တွေ ရပ်နားလို့ရအောင် ဆောက်ပေးထားတာတွေပါ' တဲ့။ ဒီဘက် မြေပြန့်မှာတော့ ဇရပ်လိုမျိုးပေါ့၊ ဟိုဘက်မှာတော့ အမိုးအကာနဲ့ အိမ်ပုံစံမျိုး အခိုင်အမာပါပဲ။ အဲ့ဒီအိမ်လေးတွေမှာ ဝင်နားခိုတဲ့အခါ ကားသမားတွေ ချက်စားတန် ချက်စား၊ ၃/၄ ရက်လောက် နားနေရတာမျိုးပါတဲ့။ အဲ့ဒီကမှ ရာသီဥတုကောင်းသွားပြီဆို ခရီးဆက်ပေါ့။ တခါတလေ မြေတောင်ပြိုတာမျိုးဆိုရင်တော့ သူတို့ကိုယ်တိုင် လုပ်အားပေးပါ သွားလုပ်ရတာပေါ့၊ အဲ့ဒါမှ မြန်မြန် ခရီးဆက်လို့ရမှာလေ။ ဒီလို ဒေသန္တရဗဟုသုတလေးတွေ ရှင်းပြတာ နားထောင်ရင်းနဲ့ သိုင်းငင်းရွာလေးဆီ ရောက်ခဲ့ပါတယ်။



**လမ်းမှာတွေ့ခဲ့ရတဲ့ ချင်းရွာတန်းလေး**

တီးတိန်မြို့နယ် အပိုင်ထဲမှာ ရှိတဲ့ ရွာလေးတစ်ခုပေါ့။ အိမ်ခြေစိပ်စိပ်တွေ့ရပြီး စားသောက်ဆိုင်၊ ပန်းဆိုင် အစရှိတာတွေ တွေ့ရပါတယ်။ တောင်စောင်းလေးမှာပဲ ဆောက်ထားတဲ့ အိမ်မို့ ခြေတန်ရှည်အိမ်လေးက အရှေ့က ခြေတန်တိုပြီး နောက်ခြေက ပိုရှည်တာပေါ့။ မြင်ရတာ အသဲယားစရာပါ။ အဲဒီ အိမ်လေးတွေအောက်မှာတော့ တမိုးတွင်းစာ ထင်းတွေအပြည့်နဲ့ပါ။ တောင်စောင်းမှာ ရှိတဲ့အိမ်တွေမို့ အိမ်သာသွားတဲ့အခါ တော်တော်အောက်ဆင်းပြီးတော့ သွားရပါတယ်။ အိမ်သာကတော့ ယင်လုံရေလောင်း အိမ်သာလေးတွေပါ။ သန့်သန့်ရှင်းရှင်း ရှိပါတယ်။ တောင်ပေါ်မို့လို့ ရေရှားမယ်လို့ ထင်ထားခဲ့တာ ရေကို တော်တော် ဖောဖောသီသီ သုံးနိုင်တာ တွေ့ရပါတယ်။ ဆိုင်ရှင်က ခေါင်ရည်မြည်းကြည့်ဖို့ ပြောလာပေမယ့် ချင်းရိုးရာခေါင်ရည်အကြောင်း ကြားဖူးခဲ့တာမို့ မသောက်ရဲခဲ့ပါဘူး။ (ချင်းရိုးရာခေါင်ရည်က အရမ်းပြင်းတယ်လို့ ဆိုကြပါတယ်။) ရှေ့ဆက်ရမယ့် ခရီးတွေကလည်း အများကြီး ရှိနေသေးတယ် မဟုတ်လား။ အဲ့ဒီလိုနဲ့ နေ့လည် (၂)နာရီလောက်မှာ တီးတိန်မြို့ကို ရောက်ခဲ့ပါတယ်။



**လက်လောက်ကြီးတဲ့ တီးတိန်မှ နှင်းဆီပွင့်ကြီး တစ်ပွင့်နဲ့အတူ… ( အပင်လိုက် နှုတ်လာချင်တာ အရမ်းပဲ )**

မြို့ဆိုတဲ့အတိုင်းပါပဲ မြို့အင်္ဂါရပ်နဲ့အညီ ဈေးဆိုင်တန်းလေးတွေ၊ လူနေရပ်ကွက်တွေ မြင်ခဲ့ရပြီး အဲ့ဒီက စားသောက်ဆိုင်တစ်ဆိုင်မှာ နေ့လည်စာ စားဖြစ်ခဲ့ပါတယ်။ ကလေးမြို့ကတည်းက ကြိုတင်ပြီး ဖုန်းဆက်ထားခဲ့ပေမယ့် ဒီလောက် လူအယောက် (၃၀)လောက်က လေ့လာရေးခရီးအနေနဲ့ လာမယ်ဆိုတာ ဟုတ်မှ ဟုတ်ပါ့မလား ဆိုပြီး မယုံတာနဲ့ အဆင်သင့်ချက်မထားဘူးလို့ ပြောပြီး ကမန်းကတန်းနဲ့ ဖြစ်သလိုချက်ပါတော့တယ်။ ဟင်းလျာတွေကတော့ ဒေသထွက်စာဖြစ်တဲ့ နွားနောက်သားဟင်း၊ ကြက်ကြော်၊ ဝက်သားဟင်း ( အခေါက်လုံးဝ မပါဘူး။ )…. အဲဒါကြောင့် နေ့လည်စာကို ညနေ (၃)နာရီမှ စားခဲ့ရပါတယ်။ မှတ်မှတ်ရရလေးတစ်ခုက တီးတိန်မှာ ဖုန်းဆက်ရင် ရန်ကုန်ကို တိုက်ရိုက်ခေါ်လို့ရတယ်၊ ရိဒ်ရောက်သွားရင်တော့ အိတ်ချိန်း အော်ပရေတာမှ တဆင့်ခေါ်ရမှာမို့ ရန်ကုန်သကြိန်အကြိုနေ့မြင်ကွင်းကိုလည်း စပ်စုချင်တာမို့ ဖုန်းဆက်ဖြစ်ခဲ့ပါသေးတယ်။ ဖုန်းဆက်ခဈေးကြီးမှာစိုးလို့ ခပ်မြန်မြန်ပြောပြီး ဖုန်းချလိုက်ပါတယ်။ ဖုန်းစဆက်ကတည်းကပါပဲ… ဆိုင်ရှင်က ပြုံးပြုံးလေးရပ်ကြည့် နေတာတွေ့ရတယ်။ ဖုန်းဆက်ခ ဘယ်လောက်ပေးရမလဲလို့ မေးတော့ ပထမ ခေါင်းခါပြတယ်။ မြန်မာစကားနားမလည်လို့ လားပေါ့…. ပိုက်ဆံအိတ်ပါဖွင့်ပြီး ဘယ်လောက်ပေးရမလဲ ထပ်မေးတော့၊ ခေါင်းပါ မကဘူး လက်ပါခါပြတယ်။ ပြီးတော့မှ မပေးပါနဲ့လို့ တစ်လုံးချင်းစီ ပြောတယ်လေ။ အမှတ်တရဖြစ်တာပေါ့တဲ့။ ကိုယ့်လိုပဲ အိမ်ကိုဖုန်းခေါ်ပြီး ပိုက်ဆံပေးဖို့ မေးတော့ ဒီမှာဖုန်းဆက်ရင် အလကားဆက်သွားကြပါ၊ အမှတ်တရဖြစ်အောင်ပါတဲ့လေ။ ဒီလို လူတွေအများကြီး ချင်းပြည်လာလည်တာကိုပဲ ပျော်လွန်းလို့ပါတဲ့။ အပြန်ကျလည်း ဒီဆိုင်မှာပဲ ထမင်းလာစားပါ။ ဖုန်းလည်းဆက်ပါလို့ ပြောပါတယ်။ အဲဒီအခါ ဖုန်းဆက်ရင် အလကားပဲ ပေးဆက်မှာလားလို့မေးတော့ သူက အဲဒီအခါ အမှတ်နှစ်ရ ဖြစ်တာပေါ့လို့ မြန်မာစကားနဲ့ ပြန်နောက်လိုက်သေးတယ်။ အရမ်းကို ဖော်ရွေပျူငှာတဲ့ ချင်းလူမျိုးတွေပါ။ (ဖုန်းအလကားပေးဆက်လို့ မဟုတ်ဘူးနော် )

ရန်ကုန်ကတည်းက မျှော်လင့်ခဲ့ရတဲ့ ရိဒ်အသဲနှလုံးရေကန်ဆီသွားဖို့အတွက် ကားကြီးဆိုက်လာတော့…

ရိဒ်ကို သွားဖို့အတွက် စီးလာတဲ့ မှန်လုံကားပေါ်က ပစ္စည်းတွေကို အောက်ခဏချထားရပါတယ်။ ကားပြောင်းစီးဖို့ စီစဉ်ရတယ်လေ။ ရိဒ်အသွားလမ်းက အကွေ့တွေကျဉ်းပြီး အတက်လမ်းတွေချည်းပဲမို့ မှန်လုံကားနဲ့ ဘယ်လိုမှ သွားဖို့ မဖြစ်တော့ဘူးလေ။ ဒေသခံကျွမ်းကျင်သူတွေ မောင်းတဲ့ကား… ဂျစ်ကားလို ကားမျိုး၊ ဂျစ်ကားနဲ့တော့ ပိုရှည်တယ်၊ ဂျစ်ဘီလူး ဆိုလားပဲ သူတို့ခေါ်ကြတယ်။ အဲဒီလို ကားတွေကိုလည်း တွေ့ရပါတယ်။ ကုန်ပစ္စည်းတွေပေါ် လူတွေကထိုင်လို့ အမျိုးသား တွေကတော့ ခေါင်မိုးပေါ်က တက်ထိုင်လို့ ကျပ်ကျပ်သိပ်သိပ်စီးရတာပါ။

အဲဒီလို ကားမျိုးနဲ့ သွားမယ်ဆိုရင် ကား (၄)စီးလောက် ခွဲစီးရမှာပါ။ ခရီးစီစဉ်သူ အန်ကယ်ကလည်း အားလုံး တစ်စုတစ်တည်းပဲ သွားချင်တာမို့ အဲ့ဒီလမ်းမှာ မောင်းနေကျ ကားတွေထဲက ရှားရှားပါးပါး ကန်တာကား (၂) စီးပဲ ရှိတာကို (၁)စီးရအောင် ငှါးလာခဲ့ပါတယ်။ ကားမောင်းသူ (၁)ယောက်၊ စပါယ်ရာ (၁)ယောက်နဲ့ ကားပိုင်ရှင်အပါ လူ (၃)ယောက်နဲ့ ကား (၁) စီး ဆိုက်လာတာ မြင်တော့ လန့်တောင် လန့်သွားပါတယ်။ ကားက အကြီးကြီးလေ။ ခြောက်ဘီး ကားကြီးမို့ပါ။ မှန်လုံကားက ကြီးလို့ ရိဒ်ဘက် ဆက်သွားလို့ မရတာဆိုရင် ဒီကားအကြီးကြီးကရော သွားလို့ဖြစ်ပါ့မလား စိုးရိမ်မိတာပေါ့။ ဒီကားက သွားနေကျပါဆိုပြီး ကားပေါ်ကို မြန်မြန်တက်ကြဖို့ပြောပါတယ်။ မြေပေါ်ကနေ ကားပေါ်ကို လှမ်းတက်ဖို့ ခင်းထားပေးတဲ့ ပျဉ်ချပ်ကို နင်းပြီး ကားပေါ်တက်ရတာပါ။ ကားပေါ်မျာ ရိဒ်က ရဲစခန်းအတွက် ချောအနေနဲ့ တင်လာတဲ့ ဆန်အိတ် (၄၀) လောက် ပါလာပါတယ်။ အဲဒီပေါ်ကနေ မတ်တပ်ရပ်ပြီးတော့ စီးရတာပါ။

တီးတိန်က စထွက်တယ်ဆိုရင်ပဲ ရာသီဥတုက ပိုပြီးသာသာယာယာရှိလာပြီး တိုက်တဲ့ လေကလည်း အေးစိမ့်စိမ့်လေး ဖြစ်လာပါတယ်။ တချို့နေရာတွေမှာ ရွာတန်းရှည်လေးတွေကို ရောက်ပြီး အဲဒီနေရာမှာ ကားသမားက သတင်းဆင်းပို့တာမျိုး လုပ်ရတာလည်း တွေ့ရပါတယ်။ ဒီလိုနဲ့ မံဆောင်းတံတားအရောက်မှာတော့ ကားခဏ ရပ်ပါတယ်။ ကားရှေ့ခန်းခေါင်မိုးပေါ်မှာ အပိုတင်ထားတဲ့ ရေတိုင်ကီထဲကို ရေဖြည့်တာ တွေ့ရပြီး ဂျစ်ကားလို ကားမျိုးတွေလည်း ဘောနက်ဖွင့်ပြီး ရေဖြည့်ကြတာ တွေ့ရပါတယ်။

ဘာလို့လဲလို့ မေးကြည့်တော့ ကားပိုင်ရှင်က တံတားကျော်ပြီးရင် အတက်လမ်းတွေပဲမို့ အင်ဂျင်မခံနိုင်မှာ စိုးလို့ ရေဖြည့်ရတာ ပြောပါတယ်။ ရှေ့ကထွက်သွားတဲ့ ဂျစ်ကားတွေကတော့ ဘောနက်တောင် ဖွင့်ပြီး မောင်းကြပါတယ်။

ကားမောင်းသူက ခေါင်းလေးထုတ်ပြီး လမ်းတစ်လျှောက်ကြည့် ကြည့်ပြီး မောင်းသွားကြတာပဲ။ အဲ့ဒီနောက် တောင်တက်လမ်း ကျဉ်းကျဉ်းတွေပဲမို့ အဆင်းရော အတက်ရော ကား(၂)စီး ရှောင်စရာနေရာတောင် မရှိတော့ပါဘူး။ အကွေ့တွေ တောက်လျှောက်မို့ တစ်လမ်းလုံး ဟွန်းတောက်လျှောက် တီးပြီး ဆင်းရ တက်ရပါတယ်။



**မံဆောင်းတံတား ( အရှည် ပေ၄၆၀ )**

**သူ့ဘေးမှာက မသုံးတော့တဲ့ ကြိုးတံတား အဟောင်းလေး ရှိသေးတယ် ( ဓါတ်ပုံမရိုက်ဖြစ်ခဲ့ပါ။ )**



တောင်တစ်တောင်ရဲ့ အမြင့်ဆုံးနေရာမှ ရိုက်ထားတာ



သွားခဲ့ရတဲ့ လမ်းလေးတွေ



လမ်းခရီးမှာ မြေပြိုထားတဲ့နေရာ

ဒရိုက်ဘာက ညာမောင်းမို့ ကမ်းပါးယံဘက်ရောက်ရင် သူ့ရဲ့ ညာဘက်မှန်ကို လက်နဲ့အထဲ ဆွဲယူသွင်းပြီး ချောက်ဘက်ရောက်ရင် ကားဘီးလွတ် မလွတ်ကြည့်ဖို့ မှန်ကိုပြန်ထုတ်ပါတယ်။ ကိုယ်ကသာ ကြည့်ရင်းနဲ့ အသဲယားနေတာ၊ မောင်းတဲ့သူကတော့ ကွမ်းလေးစားလိုက်၊ ရှေ့ခန်းမှာ လိုက်စီးကြသူတွေနဲ့ စကားပြောလိုက်ပါတယ်။ ရှေ့ခန်းမှာက အမေရယ်၊ အသက်ကြီးတဲ့ အန်တီတစ်ယောက်ရယ်။ ၃နှစ်အရွယ်ကလေးနဲ့ သူ့အမေတို့ လိုက်စီးကြပါတယ်။ ခရီးစဉ်မှာက အသက်အကြီးဆုံး အသက် ၇၀ အရွယ်အဘိုးတစ်ယောက်နဲ့ အငယ်ဆုံး ၃နှစ်အရွယ် ကလေးတစ်ယောက် ပါပါတယ်။

 

zigzag လမ်းလေးတွေ

ကိုယ်ကလည်း ကားရဲ့ ညာဘက်အခြမ်းမှာဆိုတော့ ကမ်းပါးယံဘက်ရောက်ရင် အချွန်အတက်တွေ အပင်တွေနဲ့ လွတ်အောင် ငုံ့ရှောင်ရတာပေါ့။ ချောက်ဘက်ရောက်ပြန်တော့ အောက်ငုံ့ကြည့်မိတဲ့အခါ .. . .

ချောက်ဘက်ကိုငုံ့ကြည့်လိုက်တော့ ဘာအပင်မှမရှိဘဲ ပြုတ်ကျလိုက်ရင် မသက်သာဘူးလို့ တွေးမိပြီး လုံးဝကို ဆက်မကြည့်ရဲတော့တာပါ။ အဲဒီလိုသွားနေတဲ့လမ်းမှာ ချင်းလူမျိုးတွေရဲ့လက်ဖြစ်ကား/ ကာပုံစံမျိုးပါပဲ.. လက်ကိုင်ပါတယ်။ ဒါပေမယ့် တွန်းလှည်းပုံစံမျိုးလည်း ဟုတ်တယ်။ သိပ်တောင် မပြောတတ်ဘူး ဓါတ်ပုံထဲမှာပဲ ကြည့်လိုက်တော့နော်။



**ရိဒ်ကန်အသွား လမ်းမှာ တွေ့ခဲ့ရတဲ့ ချင်းကား**



**အိန္ဒိယ–မြန်မာ နယ်စပ် တံတားပေါ်မှာ တွေ့ခဲ့ရတဲ့ ချင်းကား**

ချင်းကားပဲ ဆိုပါတော့။ ကုန်းတက်တွေဆိုရင်တော့ လူက ဆင်းတွန်းရတယ်။ ကုန်းဆင်းဆို လူက လိုက်စီးပြီး လက်ကိုင်ထိန်းရတာမျိုးပါ။ breakတောင် ပါသေးတယ်လို့ သိရပါတယ်။ အရမ်းကို စီးကြည့်ချင်တာ မစီးခဲ့ရဘူးလေ။

ညနေ ၄နာရီ ထိုးခါနီးလောက်မှာတော့ နယ်စပ်ကုန်သွယ်ရေးစခန်းကို ရောက်ပြီး ကားပေါ် ပါလာတဲ့ ဆန်အိတ်တွေကို စစ်ဆေးပါတယ်။ ဒီလိုနဲ့ တောင်တက် မြေလမ်း ကြမ်းကြမ်းတွေကို ဖြတ်ကျော်ပြီး ဖလမ်းမြို့နယ်ထဲမှာ ရှိတဲ့ အသဲနှလုံးပုံ ရိဒ်ရေကန်ဆီကို ညနေ ၆နာရီလောက်မှာ ရောက်ခဲ့ပါတယ်။

ရေကန်ကို ဆီးမြင်ရတဲ့ ကုန်းကလေးပေါ်ကနေ ကားခဏ မှေးရပ်ပေးတုန်း အတက်နိုင်ဆုံး အမိအရ ဓါတ်ပုံရိုက်ယူခဲ့ပါတယ်။ ရေကန်ဆီရောက်သွားတဲ့အခါ အနီးကပ်ဆိုတော့ အသဲနှလုံးပုံ မပေါ်နိုင်တော့တာမို့ပါ။

ရိဒ်ရေကန်မှာ ဘန်ဂလိုလေးတွေက ၄ယောက်ခန်း ၂ခန်းတွဲနဲ့ စုစုပေါင်း ၆လုံး ရှိပါတယ်။ ဒါပေမယ့် ပြင်ဆင်ထားတာက ဘန်ဂလို ၄လုံးပဲ ရှိပြီး ကျန်၂လုံးကတော့ ရိဒ်ရေကန် တာဝန်ခံမိသားစု နေပုံရပါတယ်။

 

**ရိဒ်ကန်**

ရောက်သွားတဲ့အချိန်က နေဝင်ချိန်လည်း ကျော်ပြီမို့ ဓါတ်ပုံတောင် ကောင်းကောင်းရိုက်လို့မရတော့ပါဘူး။ ဒါကြောင့်လည်း မနက်စောစောမှပဲ ထပြီးတော့ ဓါတ်ပုံရိုက်တော့မယ်လို့ တွေးပြီး အနားယူခဲ့ပါတယ်။

သန်းခေါင်ကျော်လာရင်ပဲ တော်တော့်ကို အေးလာပြီး မနက်စောစော နိုးတဲ့အချိန် အပြင်ကို ထွက်ကြည့်လိုက်တော့ မြက်ခင်းလေးတွေပေါ် မှာတောင် dew drops လေးတွေ စိုနေတာ တွေ့ရပါတယ်။

မနက်စာစားပြီး ရိဒ်ကန်ထဲ boat စီးချင်သူတွေအတွက် life jacket တွေ ထုတ်ပေးပါတယ်။ ကိုယ်ကတော့ boat စီးဖို့ အစီအစဉ်မရှိတာနဲ့ တာဝန်ခံမန်နေချာနဲ့ပဲ စကားပြောဖြစ်ခဲ့ပါတယ်။ အဲဒီမှာ မြင်ရတဲ့ memorial tomb ( အမှတ်တရ ကဗ္ဗည်းကျောက်တိုင် ) အကြောင်းမေးဖြစ်ခဲ့တော့.. သူက ရိဒ်ကန်ရဲ့ ရာဇဝင်ကို ပြောပြပါတယ်။ ပါးစပ်ရာဇဝင်မို့ အမျိုးမျိုးပြောကြတယ်လို့ သိရပါတယ်။



**မနက်စောစော ရိဒ်ကန်ထဲ ငါးဖမ်းနေတဲ့ ကလေးတစ်ယောက်ပုံ ( ဒီပုံကို အကြိုက်ဆုံးပါပဲ။ )**

သူ့ ပြောပြချက်အရတော့ ‘ ဟို့လွန်ခဲ့တဲ့အချိန်တွေတုန်းက အင်္ဂလိပ်လူမျိုးတွေ ရှိစဉ်ကပေါ့.. ဒီဒေသတပိုက်ဟာ တောကြီးမျက်မဲလိုပါပဲ၊ တောင်ပေါ်ဒေသဖြစ်တဲ့အပြင် ပင်လယ်ရေအမြင့်ပေ ၅၀၀၀ နီးပါးမြင့်တာမို့ ဘယ်မြစ်ရေ ချောင်းရေကမှ မစီးဝင်ဘဲနဲ့ သူ့ဘာသာသူဖြစ်နေတဲ့ ဒီရိဒ်ရေကန်ဟာလည်း ထူးဆန်းတဲ့အရာပေါ့လေ၊ အဲဒီအချိန်မှာ အင်္ဂလိပ်စစ်သားတွေဟာ ထူးထူးဆန်းဆန်းဘာကို တွေ့ကြရသလဲ ဆိုတော့...

‘ဆင်တွေဟာ သေဆုံးခါနီးဆို ရိဒ်ရေကန်ထဲ ဆင်းဆင်းသွားကြတယ်၊ ဘာလို့ သေဆုံးခါနီးလို့ ထင်ကြတာလဲဆိုတော့ ဆင်းသွားပြီးတဲ့ ဆင်တိုင်းဟာ တစ်ကောင်မှ ပြန်မတက်လာကြလို့ပါ၊ အဲဒီတော့ အင်္ဂလိပ်စစ်သားတွေက ဒီရေကန်ဟာ ဆင်သင်္ချိုင်းပဲဖြစ်ရမယ်ဆိုပြီး ဆင်စွယ်တွေ လိုချင်လို့ ရေငုတ်ပြီး ရှာဖွေပေမယ့် အချည်းနှီးဖြစ်ခဲ့ရပါတယ် ’

ရေသေဖြစ်တဲ့အလျှောက် အောက်မှာ ရေမှော်တွေလည်း ရှိပြီး ကန်ရဲ့အလယ်လောက်မှာ ရေဟာ တော်တော့်ကို နက်ပါတယ်တဲ့၊ အဲဒါကြောင့်မို့ သူတို့တွေဟာ ကန်ထဲကရေကို ဖောက်ထုတ်ပြီး ဆင်သင်္ချိုင်းဖော်ဖို့၊ ဆင်စွယ်တွေ ထုတ်ဖို့ ကြိုးစားခဲ့ပေမယ့်လည်း အကြောင်းအမျိုးမျိုးကြောင့် သေဆုံးရပါတယ်တဲ့။ ဆိုးရွားတဲ့ ရာသီဥတုဒဏ်တွေလည်း ပါမှာပေါ့လေ။ ဒါပေမယ့်လည်း ဒေသခံ ချင်းလူမျိုးတွေကတော့ ဒီရေကန်ကို သူတို့တွေရဲ့ လွန်လေပြီးခဲ့တဲ့ ဘိုးဘွားတွေက စောင့်ရှောက်ကြပြီး၊ ဒီဘိုးဘွားတွေရဲ့ ဝိဉာဉ်ဟာလည်း ဒီရိဒ်ကန်ထဲမှာ ရှိနေမယ်လို့ ယုံကြည်ယူဆကြပါတယ်တဲ့။



**ရိဒ်ကန်အလှ**

 

**ရိဒ်ကန်မှ ဘန်ဂလို**

ရိဒ်ရေကန် အစပ်မှာရှိတဲ့ ကဗ္ဗည်းကျောက်တိုင်ပေါ်မှာ ရေထွင်းထားတဲ့ နာမည်တွေကတော့ ဒီရိဒ်ရေကန်ကို ထိန်းသိမ်းခဲ့ကြတဲ့သူတွေထဲက ၉ ဦးရဲ့အမည်တွေပါလို့ ရှင်းပြခဲ့ပါတယ်။ ကမ်းရဲ့တဖက်အခြမ်းမှာတွေ့ရတဲ့ နဂါးရုံဘုရားကရော.. လို့ မေးတော့ ‘ရိဒ်ရေကန်ကို လူစိမ်းတွေလာတဲ့အခါ၊ တခါတရံ အန္တရာယ်တွေ့တတ်ကြတာ ကြုံဖူးလို့ ဘုရားတည်ထားတာ ’လို့ ပြောပါတယ်။

တဆက်တည်းမှာပဲ ရေကန်ရဲ့ရေပြင်ဧရိယာအကျယ်အဝန်းက အရင်ကလောက် မကျယ်တော့ဘဲ ရေအနက်ကတော့ ဖ၅ ပေလောက် နက်တယ်လို့ မှန်းဆပြောကြပါတယ်။



**ရိဒ်ကန်မှ ကဗ္ဗည်းကျောက်တိုင် memorial tomb**

နောက် ရိဒ်ရေကန်ရဲ့ အထူးခြားဆုံးတစ်ခုကတော့ နှစ်စဉ်နှစ်တိုင်းရဲ့ ဒီဇင်ဘာလ ဒုတိယအပတ်ဝန်းကျင်မှာ ကန်ရေဟာ သူ့အလိုလို နောက်ကျိလာလေ့ရှိပါတယ်တဲ့။ အဲဒီလို အချိန်မျိုးကျရင် တခြားနေရာမှာ ရှိနေတဲ့ ရိဒ်ကန်ရေတွေဟာလည်း သူ့အလိုလို လိုက် နောက်ကျိတတ်ပါတယ်တဲ့။ မယုံရင် ရိဒ်ရေကို ဗူးနဲ့ ထည့်သွားပြီး ဒီဇင်ဘာလမှာ စောင့်ကြည့်ပါလို့ ပြောပါတယ်။ အဲဒါနဲ့ တော်တော်လည်း စိတ်ဝင်စားပြီးတော့ ကန်ထဲက ရေကို ရေသန့်ဗူးထဲ ထည့်ယူလာခဲ့ပါတယ်။ ဒီဇင်ဘာအထိတော့ စောင့်ကြည့်ရမှာပေါ့။ ဒီဇင်ဘာရောက်လို့ မျက်ဝန်းမေ့နေရင်လည်း သတိပေးပါနော်။ ထူးခြားတာ တွေ့ရင်....

တောင်စဉ်တောင်တန်းပေါင်း မြောက်များစွာနဲ့ တည်ရှိနေတဲ့ ချင်းတောင်တန်းပေါ်မှာ အခုလို လှပတဲ့ အသဲနှလုံးပုံ ရေကန်တစ်ကန်ရှိနေတာဟာလည်း အင်မတန်မှ ထူးခြားပါတယ်။ ဘိုးစဉ်ဘောင်ဆက် ဒီရိဒ်ရေကန်ရဲ့အလှကို ထိန်းသိမ်းပေး ခဲ့ကြတဲ့ ဘိုးဘေးတွေကိုလည်း ကျေးဇူးတင်မိပါတယ်။ သူတို့တွေ ထိန်းသိမ်းပေးခဲ့ကြလို့သာ ဒီရေကန်ကြီးရဲ့ အလှဟာ အခုချိန်ထိ တည်ရှိနေခဲ့ပြီး ချင်းလူမျိုးတို့ရဲ့ ဂုဏ်ယူစရာ ချင်းပြည်နယ်အထိန်းအမှတ်အဖြစ် ရှိနေခဲ့တာပဲ မဟုတ်လားနော်။



**ရိဒ်ကန်အနီး တောင်ယာစိုက်ခင်းလေး**

မနက် ၈ နာရီလောက်မှာတော့ ရိဒ်ရေကန်ကနေ ပြန်ထွက်လာခဲ့ကြပြီး အိန္ဒိယ–မြန်မာ နယ်စပ်တံတားအရောက်မှာ ကားပေါ်ကို ကုန်ပြန်တင်ဖို့ စီစဉ်နေကြတုန်း မျက်ဝန်းတို့ အဖွဲ့လည်း နယ်စပ်တံတားကို ကူးပြီး အိန္ဒိယဘက်အခြမ်းကို ခဏ သွားခဲ့ပါသေးတယ်။ ဘာမှတော့ ထူးထူးခြားခြားတော့ မရှိခဲ့ပါဘူး။ ချင်းပြည်နယ်ဘက်က ဒေသခံတွေက အိန္ဒိယနယ်ထွက် မြေဆီမြေသြဇာတွေပဲ အသုံးများတာကြောင့် ဒီအပြန်ခရီးမှာ တင်တဲ့ကုန်က မြေဆီ၊ မြေသြဇာအိတ်တွေတင်မယ်လို့ သိရပါတယ်။ ၄၅ မိနစ်လောက် စောင့်ရပြီး ကုန်တင်ပြီးလို့ ကားပေါ် တက်လို့ရပြီလို့ ပြောတဲ့အခါ ....

မြေဆီမြေသြဇာအိတ်တွေ ကားပေါ်အပြည့် ၇လွှာလောက် ဆင့်တင်ထားတာ တွေ့ရပါတယ်။ အိတ်တွေကို တာလပတ်နဲ့ အုတ်ထားပေးပြီး လူတွေက အဲဒီအပေါ် ထိုင်ပြီးလိုက်လာပေးကြပါလို့ ပြောပါတယ်။ ကုန်မပါဘဲ စီးပြန်ရင်လည်း လမ်းခရီးမှာ အရမ်း ခုန်မှာစိုးတာကြောင့် ကုန်တွေနဲ့ လိုက်စီးဖို့ကိုပဲ ရွေးချယ်ခဲ့ကြတာပါ။ ကုန်ပါပြန်တော့လည်း ပါတဲ့ကုန်က များလွန်းတော့ လူတွေက အပေါ်မြင့်နေလို့ လေထဲ စီးနေရတာ ဖြစ်နေတာပေါ့။ ရွေးချယ်စရာ တခြားလည်း မရှိ၊ ခရီးစီစဉ်သူကလည်း စိတ်ဆိုးရလည်း ခက်၊ ဒီလိုနဲ့ပဲ နားလည်မှုအပြည့်နဲ့ လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့ဒေသမှာ သူ့ဘက်ကိုယ့်ဘက် အဆင်ပြေ အောင် သီးခံပေးတာပေါ့လို့ ဆိုလာတော့ အားလုံးကလည်း ကြိုးစားပြီး လိုက်ပါခဲ့ကြပါတယ်။

ကားလက်တန်းကလေ… အသွားတုန်းက ကိုယ့်ရဲ့ တံတောင်ဆစ်နေရာလောက်မှာ ရှိနေတော့ မိမိရရ ကိုင်ထားလို့အဆင် ပြေပေမယ့်လည်း အပြန်ခရီးမှာတော့ လက်တန်းက ကိုယ့်လက်အောင်နားမှာမို့ ပြုတ်မကျရအောင် မနည်းကို ကိုင်ထားရပါတယ်။ အသွားတုန်းက လာခဲ့တဲ့ လမ်းဆိုပေမယ့် အရမ်းကို ကျဉ်းတဲ့အကွေ့တွေ အရောက်မှာ ကိုယ့်ဘက်အခြမ်းက ချောက်ဘက်ဆိုရင် အသဲယားလွန်းလို့ ကာဘီးမှ လွတ်ပါ့မလားလို့ အောက်ကို ငုံ့ကြည့်တော့ တကယ်ကိုပဲ လွတ်နေတာလေ။ အတွင်းဘီးပဲ မြေကြီး ပေါ်မှာ မိပြီး အပြင်ဘီးက လေပေါ် လွတ်ကို လွတ်နေတာလေ။ ဘုရားစာတွေပဲ ရွတ်ပြီး မျက်လုံးမှိတ်၊ တန်းကို ကျစ်ကျစ်ပါအောင် ဆုတ်ကိုင်ပြီး လိုက်လာခဲ့ရတာပေါ့။

မန်ဆောင်းတံတားဆီ မရောက်ခင် အကွေ့တစ်ကွေ့ အရောက်မှာ…

ကားဆရာရဲ့ ဂျမ်းတုံး ဂျမ်းတုံးလို့ ပြောသံကြားလိုက်ရတော့ တစ်ကိုယ်လုံးကို တောင့်တင်းသွားသလိုပဲ၊ မျက်လုံးလည်း အလိုလိုပွင့်သွားတာပေါ့။ ဘာမှတော့ မဖြစ်ပါဘူး၊ ကားက ဝိတ်များလွန်းလို့ အကွေ့က ကျဉ်းတဲ့အခါ ရထားတွေ လွန်းထိုးသလို ကားက လွန်းထိုးပြီး ရှေ့တိုးနောက်ဆုတ်လုပ်ရင်းနဲ့ ဆင်းရတာပါ။ အဲဒီအကွေ့တစ်ကွေ့ကတော့ တော်တော်ခက်ခဲပုံပါပဲ။

ကုန်တွေကလည်း over weight ဖြစ်နေတော့ အလာတုန်းက ၃နာရီလောက် ခရီးကိုပဲ အပြန်မှာတော့ ၅နာရီလောက် စီးပြီးမှ တီးတိန်ကို ပြန်ရောက်ပါတယ်။



**အသွားတုန်းက ရိုက်ခဲ့တဲ့ အပြန်လမ်း ( အပြန်လမ်းမှာတော့ မရိုက်ဖြစ်တော့ဘူး၊ ကြောက်ရလွန်းလို့ 😁)**



**ဒီလို တောင်ပတ်လမ်းကျဉ်းကျဉ်းတွေမှ ခက်ခက်ခဲခဲ ပြန်ခဲ့ရတာပါ။**



**အပြန်လမ်း တဖြစ်လည်း အသွားလမ်း**

**( အတူတူပါပဲ၊ ၂စီးဆုံရင် ၁စီးက ရပ်စောင့်ရပါတယ်။ ကျန်တဲ့ ၁စီးကလည်း ကျပ်ကျပ်တည်းတည်း သွားရတာပါ။ )**

တီးတိန်မှာ နေ့လည်စာ စားပြီး စီးခဲ့တဲ့ ကားပေါ်မှ ယာဉ်မောင်း၊ စပါယ်ယာနဲ့ ပိုင်ရှင်တို့ကို ကျေးဇူးတင်စကားပြောပြီး မှန်လုံကားနဲ့ ကလေးမြို့ကို ပြန်လာခဲ့ပါတယ်။ ကလေးမြို့ရောက်တော့ ရေပေက်လို့ ကောင်းဆဲပဲလေ။ အားလုံးကတော့ ပင်ပန်းလွန်းလို့ မိုတယ်မြန်မြန်ပြန်ပြီး အနားယူကြတာပေါ့။ ညစာထွက်စားဖို့အလုပ်မှာ တီဗွီကနေ ဘမနငည၊ ညနတျ အနေနဲ့ ရန်ကုန်မှာ ဗုံးပေါက်တယ်ဆိုတာ သိရပါတယ်။

ညစာ စားပြီး အနားယူရင်းနဲ့ နောက်တနေ့ တမူးဘက် ဈေးဝယ်ထွက်ဖို့ တစ်ညတာ အနားယူခဲ့ပါတယ်။

တမူးဘက်မှာတော့ စည်စည်ကားကား သင်္ကြန်ပွဲကျင်းပနေပြီးတော့ လုံခြုံရေးအနေနဲ့ အိန္ဒိယစကားပြောတတ်တဲ့ သူတွေကို အဖွဲ့နဲ့ ထည့်ပေးလိုက်ပါတယ်။ ဟိုဘက်မှာက မဏိပူ ကသည်းသူပုန်းတွေ ရှိတာမို့.....

မနက် ၈ နာရီခွဲလောက်မှာ ကလေးကနေ တမူးကို စထွက်ခဲ့ပြီး လမ်းတစ်လျှောက် ကတ္တရာလမ်းချောသာ ဖြစ်တာမို့ နေ့လည် ၁၁ နာရီလောက်မှာ တမူးကိုရောက်ခဲ့ပါတယ်။ တမူးမြို့ဟာ တိုက်တာအိမ်ခြံမြေ၊ စတိုးဆိုင် အစရှိတာတွေနဲ့ သပ်သပ်ရပ်ရပ်စည်စည်ကားကား မြင်ရပြီး၊ ရေပေက်မဏ္ဍပ်တွေကို တွေ့ခဲ့ရပါတယ်။ လူဝင်မှုကြီးကြပ်ရေးရုံးမှာ သတင်းပို့ဖို့ သွားခဲ့ရပြီး နေ့လည်စာကိုတော့ တရုတ်စားသောက်ဆိုင်မှာ စားသောက်ခဲ့ပါတယ်။

ဆိုင်ပိုင်ရှင်ရဲ့ ပြောပြချက်အရ တမူးမြို့ရဲ့ အထင်ကရဈေး (နှစ်နိုင်ငံနယ်စပ်ဂိတ်အနီးရှိ) က သင်္ကြန်ကာလမို့ ပိတ်ကြောင်းနဲ့ အိန္ဒိယဘက်ကလည်း အရောင်းအဝယ်ပါးတာမို့ သူတို့ရဲ့ ဈေးဆိုင်တွေကိုလည်း ပိတ်ပြီး တမူးမှာပဲ သင်္ကြန်လာ ကျကြကြောင်း သိရပါတယ်။ ဒါပေမယ့် မိုးရေးမြို့က တချို့ဆိုင်တွေဖွင့်ကြောင်း ပြောတာမို့ နေ့လည်စာစားပြီးတာနဲ့ ကားနဲ့ပဲ မိုးရေးဘက် ဆက်ထွက်ခဲ့ပါတယ်။

နယ်စပ်ဖြတ်ကျော်ဝင်ရောက်ပြီး လူဝင်မှုကြီးကြပ်ရေးမှာ ထပ်ပြီးခရီးသည်စာရင်းပြတယ်ဆိုရင်ပဲ တာဝန်ရှိသူတွေက ကားပေါ်တက်လာပြီး စစ်ဆေးတာတွေ လုပ်ပါတယ်။ အားလုံးအနေနဲ့ တစုတစည်းတည်းသွားဖို့ ဓါတ်ပုံရိုက်တာမျိုး လုံးဝမလုပ်ဖို့နဲ့ အနီးအပါးကိုလည်း သတိဝီရိယထားဖို့ကိုလည်း သေသေချာချာ မှာကြားပါတယ်။ မဏိပူကသည်းသူပုန်တွေဟာ မိုးရေးမြို့ထဲမှာပဲ ပြည်သူတွေနဲ့ ရောနှောနေထိုင်ပြီး တခါတလေ ဆူပူအုံကြွမှုဖြစ်အောင်လုပ်ပြီး အိန္ဒိယအစိုးရကို ချိန်းခြောက်တာတွေ ပြုလုပ်လေ့ရှိတာမို့ ဧည့်သည်တွေလုံခြုံရေးအတွက် သူတို့ကိုယ်တိုင် လိုက်ပို့မယ်လို့ ပြောပါတယ်။

ပုံမှန်ဆိုရင် အဲဒီဂိတ်အဝင်မှာပဲ ကားထားခဲ့ရမှာဖြစ်ပြီး လူတွေအားလုံး လမ်းဆင်းလျှောက်သွားရမှာပါ။ ဒါပေမယ့် သူတို့လူတွေပါ လိုက်ပို့ပေးလို့ မိုးရေးမြို့ရဲ့ အစည်ကားဆုံး၊ ဈေးဆိုင်တန်းအနီးဆုံး၊ ကုန်တင်ကုန်ချ ကားရပ်နားကွင်းနား၊ လူနေရပ်ကွက်တွေရဲ့ အနီးကပ်ဆုံးနေရာအထိ ကားနဲ့ ပို့ပေးခဲ့ပါတယ်။ ရပ်ကွက်တွေကို ကာရံထားတဲ့ အုတ်တံတိုင်းကြီးက

လူတွေပေါက်ကနေတဆင့် အိမ်ကြိုအိမ်ကြား လမ်းကျဉ်းလေးတွေဖြတ်ပြီးတော့ ဈေးဆိုင်တန်းတွေရှိတဲ့ လမ်းမဆီ ရောက်သွား ပါတယ်။ ဆိုင်တော်တော်များများ ပိတ်ထားပြီး လမ်းပေါ်မှာ လူလည်း ခြောက်ခြောက်ကပ်ကပ်နဲ့ပါပဲ။ လမ်းပေါ်မှာ လက်နက် အပြည့်အစုံနဲ့ လှည့်လည်နေတဲ့ စစ်သားတချို့ကတော့ ကွက်ကြည့်ကွက်ကြည့်နဲ့ပေါ့။

အိန္ဒိယစစ်သားတွေက လူကောင်တွေလည်း ထွားကျိုင်းပြီး ပျောက်ကျားစစ်ဝတ်စုံနဲ့မို့ ရုပ်ရှင်တွေထဲက စစ်သားပုံမျိုးပါ။ ဖွင့်ထားတဲ့ ဆိုင်တချို့ကလည်း ပလေကပ်ပုဆိုး၊ စွပ်ကျယ်၊ ခြင်ထောင်၊ စောင်၊ ကုန်စုံဆိုင် မုန့်ဆိုင်တွေလောက်သာ တွေ့ရပါတယ်။ တနေရာရောက်တော့ အထည်တွေ ချိတ်ထားတဲ့ဆိုင်တွေ့ရပြီး အခန်းလေးက ၁၀ ပတ်လည်လောက်သာ ရှိတာမို့ လူအားလုံး ဝင်ကြည့်ဖို့ ဘယ်လိုမှ မဖြစ်နိုင်တော့ အုပ်စု ၃ စု ခွဲဖြစ်သွားတယ်လေ။

ပထမအုပ်စုက အဲဒီဆိုင်ထဲ ဝင်ကြပြီး နောက်နှစ်စုကတော့ အရှေ့နားမှာရှိတဲ့ တခြားဆိုင်တွေဆီ သွားကြည့်ကြပါတယ်။ ဒီလို လူကွဲသွားတော့ ဆိုင်ထဲမှာ ဆာရီဝတ်ပြီး မြန်မာစကားပြောတတ်တဲ့ အမျိုးသမီးက အထည်ဝယ်ချင်ရင် အနောက်လိုက်ခဲ့လို့ ပြောပါတယ်။ ဒီ၁၀ပေပတ်လည်ဆိုင်လေးရဲ့ အနောက်ထဲလည်း ဝင်သွားရော အခန်းကျယ်ကြီးတစ်ခုထဲမှာ မီးတွေလည်း လင်းထိန်နေပြီး ချည်ထည်တွေဆိုတာကလည်း တောင်ပုံရာပုံပေါ့။ ဒီလိုတစ်ဆိုင်ပြီး တစ်ဆိုင်ကူးဝယ်ကြပြီး အပြင်ပန်းအမြင်မှာသာ အခင်းအကျင်းက မသားနားသလိုရှိပေမယ့် ကန်လန့်ကာနောက်ကွယ်မှာတော့ တကယ့်ဆိုင်ကြီးတွေပါပဲ။

၂ နာရီနီးပါးလောက် ဈေးဝယ်အပြီးမှာ လူပြန်စုကြပြီး ခေါ်ထားတဲ့ ၃ဘီးကားလေးတွေနဲ့ မြို့တပတ် ပတ်ကြည့်ကြပါတယ်။ တပတ်ဆိုပေမယ့် ၅မိနစ်လောက်ပါပဲ။ တမူးမြို့လောက်တောင်မှာမှ မသားနားတာကို တွေ့ရပါတယ်။



**၃ဘီးကားပုံ**

၃ဘီးကားစီးပြီးတော့ လာလမ်းအတိုင်း အားလုံးပြန်ကြမယ်ပေါ့၊ အပြန်လမ်းတလျှောက်တွေ့တဲ့ မုန့်ဆိုင်တွေမှာ မုန့်တွေ ဝယ်ကြခြမ်းကြပေါ့လေ၊ ဆိုင်ဖွင့်တယ်သာပြောတာပါ၊ တံခါးနှစ်ရွက်ရှိရင် တစ်ရွက်ကိုတောင် နည်းနည်းပဲဟထားတာပါ။ အဲဒီ ဟထားတဲ့ တံခါးကို ကိုယ့်ပါကိုယ် ဖွင့်ပြီး ဝင်ရတာ။

ဒီမှာ ပြဿနာက စတာပေါ့၊ မုန့်ဆိုင် ၃ဆိုင်က လမ်းရဲ့ တဘက်ခြမ်း၊ လျှပ်စစ်ပစ္စည်းဆိုင်က မျက်နှာချင်းဆိုင်ပါ။

မုန့်ဝယ်နေတုန်း ကားပေါ်ပါတဲ့သူတချို့က ရေဒီယိုလိုချင်တယ်ဆိုပြီး ဒီဘက်လျှပ်စစ်ဆိုင်ဘက်ကို သွားကြပါတယ်။ အာရုံကလည်း ကိုယ်ဝယ်တဲ့ဆီမှာပဲ ရှိနေချိန်မှာ ရုတ်တရပ်ကြီး 'သွားမယ်၊ သွားမယ်၊ ပြန်ကြမယ်.. ' ဆိုပြီး ဖြစ်ပါလေရော၊ ပိုက်ဆံကလည်း မရှင်းရသေး၊ ယူထားတဲ့ပစ္စည်းတွေနဲ့၊ ဝယ်ထားတာတွေနဲ့ မနိုင့်တနိုင်နဲ့ ကသောင်းကနင်းတွေဖြစ်ကုန်တာ ပေါ့နော်။ ကားရှိတဲ့ဆီ အပြေးတလွှားပြန်ရင်းနဲ့ ဘာလို့ အလောတကြီး ပြန်ခေါ်ရတယ်ဆိုတာကို သိရတော့တယ်။ ဖြစ်ပုံက....

ဖြစ်ပုံက လျှပ်စစ်ပစ္စည်းဝယ်နေတဲ့သူတွေနားကို လူစိမ်း လေးငါးယောက်လောက်က တော်တော်အနီးထိကို ကပ်လာကြတာကို တွေ့ရလို့ တစ်ခုခုဖြစ်မှာစိုးလို့ မြန်မြန်လူပြန်စုတဲ့အနေနဲ့ ခေါ်လိုက်ရတာလို့ သိရပါတယ်။ သူပုန်တွေလားတော့ မသိဘူး။ သူတို့တွေက နည်းနည်းဆို နည်းနည်းဆိုသလောက် ရုတ်ရုတ်သဲသဲဖြစ်အောင် လုပ်တတ်လေ့ရှိတယ်လို့ ပြောပါတယ်။ ဒါပေမယ့်လည်း ဘာမှ ကြီးကြီးကျယ်ကျယ်တော့ မဖြစ်ဘဲနဲ့ ကလေးကို ပြန်ရောက်သွားခဲ့ပါတယ်။



**ရေဆန်ကျွန်းဘုရား**



**ရေဆန်ကျွန်းဘုရား**



**ဘုရားပေါ်မှ မြင်ကွင်း**

ကလေးမြို့လေးဟာ သာသာယာယာလေးရှိပြီး ပူတာလေးကလွဲလို့ တော်တော်နေလို့ထိုင်လို့ အဆင်ပြေပါတယ်။ ဆိုင်ကယ်တော်တော်များများတွေ့ရပြီး သကြီန်လည်တာပတ်တာတောင် ဆိုင်ကယ်တွေ၊ ထော်လာဂျီတွေ၊ ကုန်တင်ကားတွေနဲ့ လည်ကြတာ တွေ့ရပါတယ်။ အဲဒီညမှာတော့ ကလေးမြို့ကို နှုတ်ဆက်တဲ့အနေနဲ့ မိုတယ်မှာပဲ ကာရာအိုကေ ဆိုရင်း ထမင်းစားကြတယ်။ မျက်ဝန်းကတော့ မဆိုပါဘူး၊ လည်ပင်းမှ မကောင်းတော့တာလေ။

အစကတော့ ချင်းရိုးရာအကအဖွဲ့က ဖျော်ဖေဖို့ စီစဉ်ထားတာ။ ဖြစ်ချင်တော့ အဲဒီအကအဖွဲ့သားတစ်ယောက်ရဲ့ အိမ်မှာ နာရေးဖြစ်နေလို့ လာမဖျော်ဖြေပေးနိုင်ဘူးတဲ့လေ။ ဒီတော့လည်း ကိုယ့်နည်းကိုယ်ဟန်နဲ့ ကိုယ့်ကိုကိုယ် ပြန်ဖျော်ဖြေကြတာပေါ့။ ချင်းပြည်နယ် နှုတ်ဆက်အနေနဲ့ ချင်းရိုးရာ ခေါင်ရည်ကို အယောက်စီတိုင်း နည်းနည်းစီ မြည်းသွားကြပါလို့ ပြောလာတာနဲ့ မြည်းခဲ့သေးတယ်။ ဆန်လား ကောက်ညှင်းလား မသိ... ချက်ထားတာလို့ ထင်တာပဲ။ ခေါင်ရည်က ဗူးတွေထဲ ထည့်ထားပြတယ်။ အရောင်ရင့်တာက ပိုအရသာရှိတယ်။ ပိုမူးတာနေမှာပေါ့။ ဒါပေမယ့် အစာတွေလည်း အများကြီးစားထားတော့ သိပ်တော့ မမူးပါဘူး။ မိန်းကလေးတွေပါ မြည်းလို့ရအောင် သိပ်မပြင်းရအောင် အချိုလုပ်ထားပေးတာ ထင်တာပဲ။ ဒီတော့ ချင်းရိုးရာခေါင်ရည် မြည်းဖူးတယ်လို့ ပြောရမှာပေါ့နော်။

တစ်ညအိပ်ပြီး နောက်တနေ့ မိုးလင်းတော့ ကလေးမြို့က လေဆိပ်စတိုးမှာ ချင်းရိုးရာ အမှတ်တရပစ္စည်းလေးတွေ ဝယ်ဖြစ်ခဲ့ပြီး ကလေးမြို့ကနေ အထွက်မှာ ကလေးမြို့ရဲ့ အထင်ကရ ရေဆန်ကျွန်းဘုရားကို ဝင်ရောက် ဖူးမျှော်ခဲ့ပါသေးတယ်။ ဗုဒ္ဓဘာသာဝင်တွေကတော့ ငါးပါးသီလခံယူပြီး ဘုန်းကြီးတစ်ပါးက တရားဟောခဲ့ပါတယ်။ ၁၅ မိနစ်လောက်ပါပဲ။ အဲဒီ ရေဆန်ကျွန်းဘုရားက မြစ်သာမြစ်ကို ဆန်တက်လာတဲ့ ကျွန်းတုံးကြီးကို ဘုရားဆင်းတုအဖြစ် ထုဆစ်ထားတယ်လို့ သိရပါတယ်။ မြစ်သာမြစ်ဟာ တခြားမြစ်တွေလို မဟုတ်ဘဲ ပြောင်းပြန်စီးတဲ့ မြစ်လို့ သိရပါတယ်။ ( တခြားမြစ်တွေ မြောက်မှ တောင် စီးတာဆိုရင် သူက တောင်မှ မြောက် ပြောင်းပြန်စီးတယ်ပေါ့။ ) မသေချာဘူးနော်။ ကြားခဲ့တာလေး ပြန်ပြောပြတာပါ။

ရေဆန်ကျွန်းဘုရားကို တည်ထားတဲ့ ကုန်းမြေက ရာဇာဂီရိကုန်းတဲ့။ ဒီဘုရားပေါ်ကနေ မြင်ရတဲ့ ရှုခင်းတွေကလည်း တော်တော့်ကိုသာသာယာယာနဲ့ လှပပါတယ်။ အမြင်ဆန်းတာပေါ့နော်။ ဆက်ထွက်လာလိုက်တာ ကလေးဝမြို့နားက မြစ်သာမြစ်ကူးတံတားနဲ့အတူ အမှတ်တရ ဓါတ်ပုံရိုက်ဖြစ်ခဲ့ပါသေးတယ်။



**မြစ်သာမြစ်ကူးတံတား**



**ကလေးမြို့မှာ လမ်းခင်းဖို့ စီထားတဲ့ ကျောက်တုံး**

( ဒီလို လေးထောင့်ပုံစံလေးတွေ စီထားကြတယ်။ )

အချိန်မရတဲ့အတွက် မြစ်ကမ်းနားအထိ မဆင်းနိုင်တော့ဘဲ လမ်းဘေးကနေပဲ လှမ်းရိုက်ခဲ့ရပါတယ်။ အောက်ကို ဆင်းမယ်ဆို ကျောက်တုံးကြီးတွေနဲ့ မြစ်ကမ်းစပ်နဲ့ တံတားကြီးနဲ့ တော်တော့်ကို လှမှာနော်။ အလာတုန်းက မုံရွာ–ယာကြီးလမ်းအတိုင်းပဲ… ခရီးဆက်ခဲ့တာ…. သိပ်တောင် မမှတ်မိတော့ဘူး၊ မိုးတွေကလည်း ရွာတယ်။ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ် နယ်နိမိတ်နားဖြစ်မယ်ထင်တယ်၊ နတ်စင်လေးလိုမျိုး တွေ့ရပြီး အဲဒီမှာ ကားက ဟွန်းတီးပြီး ခဏရပ်ရတယ်။ စပါယ်ယာလေးက သွားပြီး ပူဇော်ပေးရတယ် ထင်တယ်။ လမ်းမှာ ကားပေါ်ပါလာတဲ့ ၃နှစ်အရွယ်ကလေးက ရှူးပေါက်ချင်လို့တဲ့။ ဒါပေမယ့် ကားဆရာက အရှေ့ရောက်မှပဲ သွားတော့နော်လို့ ပြောတယ်။ နတ်ကြီးတဲ့ နယ်မြေလားတော့ မပြောတတ်ဘူး။ နတ်စင်က ၂ခု ရှိတယ်လေ။ အဲဒီ ၂ခုကြားထဲမှာ ပေး မသွားတာ။ နောက်နတ်စင်တစ်ခုကို ကျော်သွားတော့မှပဲ ကားရပ်ပေးတယ်လေ။

မိုးလေးကလည်းအေးအေးနဲ့ဆိုတော့ အားလုံးလည်း ငြိမ်ငြိမ်သက်သက်နဲ့ ခရီးဆက်နေတုန်း ကားဆရာက …..

ကားဆရာက ပြောပါတယ်။ ဒီလမ်းခရီးက မိုးတွေ သိပ်များလွန်းရင် ကားကြီးသွားလို့မရဘူး၊ အခုတော့ မိုးရွာထားပြီးစအချိန်မို့ မြေလမ်းကလည်း ဖုန်မထူဘဲနဲ့ ရေလည်းအများကြီး မတင်ထားတဲ့အခါ ကားမောင်းလို့ ရနေသေးတာပါတဲ့။ တကယ်လို့ မိုးသာအရမ်းများထားရင်၊ ရွာနေရင် လမ်းခရီးမှာ အချိန်တွေလည်း ပိုကြာသွားနိုင်တယ်၊ ကားကို ကြိုးဆွဲပြီးဆိုလား၊ ကြိုးပတ်ပြီး ဆိုလားပဲ… အဲဒီလို မောင်းရမှာတဲ့။ ( ကားကို သံကြိုးပတ်ပြီး မောင်းရမယ်ဆိုလားပဲ၊ သိပ်တော့နားမလည်ပါဘူး။ ) အခုတော့ အဲဒီလို မမောင်းလိုက်ရဘူးပေါ့။ အချိန်လည်း မပေးလိုက်ရဘူးပေါ့။ ဖုန်ထူတဲ့ လမ်းမှာ ဖုန်ရှူစရာမလိုဘဲ ပြန်လာနိုင်ခဲ့တာပေါ့။ မုံရွာကိုရောက်တော့ ညဇနာရီလောက် ရှိနေပါပြီ။ ဟိုတယ်နားက သာသနာ့ဗိမ္မာန်ဘုရားတောင် ပိတ်သွားလို့ မရောက်ဖြစ်လိုက်ပါဘူး။



**မိုးညှင်းသမ္ဗုဒ္ဓေဘုရား**



**ဗောဓိတစ်ထောင် ( အခုတော့ ရှစ်သောင်းနီးပါးရှိလာပြီလို့ သိရပါတယ်။ )**

နောက်တနေ့ မနက်မှာတော့ မုံရွာမြို့ရဲ့ ဒေသထွက်စာ ဒေါ်ပြုံးမုန့်တီဆိုင်မှာ နံနက်စာသွားကြပါတယ်။ မုန့်တီဆိုတော့ ဘာလဲ အောက်မေ့တာ နန်းကြီးသုပ်ပါ။ ဆိုင်ကလည်း ထိုင်စရာနေရာတောင် မရှိဘူး။ ပါဆယ်ဝယ်တဲ့ သူကိုဦးစားပေးတော့ နေရာရတဲ့အခါတောင်မှ အကြာကြီးစောင့်ရတယ်။ စားပွဲထိုးလေးက လာမေးပါတယ်၊ နန်းကြီးလား၊ နန်းလတ်လား၊ နန်းသေးလားတဲ့။ အဲဒါနဲ့ စားနေကျပဲ ဆိုပြီး နန်းကြီးလို့ မှာလိုက်တာပေါ့။ ရောက်လာတဲ့အခါလည်းကျရော လက်သန်းလောက်တောင်ရှိတဲ့ နန်းကြီးကို တွေ့ရတော့တာပဲ။

အားလုံးရဲ့ တောင်းဆိုချက်အရ ခရီးစဉ်မှာ မပါပေမယ့်လည်း မုံရွာမြို့ရဲ့ တန်ခိုးကြီးဘုရားတွေဆီ လိုက်ပို့ပေးပါတယ်။ ( မုံရွာက ရောက်ခဲတာကိုး ) ဒီနောက် မိုးညှင်းသမ္ဗုဒ္ဓေဘုရား၊ ဗောဓိတစ်ထောင်ဘုရား.. အစရှိတဲ့ ဘုရားတွေဆီ သွားဖြစ်ခဲ့ ပါတယ်။ လမ်းတစ်လျှောက်မှာ စစ်ကိုင်း ကောင်းမှုတော်ဘုရား၊ တောင်သမန်အင်းတို့ကိုပါ ပို့ပေးခဲ့ပါတယ်။ တညလုံး ကားစီးပြီး နောက်နေ့ မနက် ၇ နာရီလောက်မှာတော့ မြို့တော်ရန်ကုန်ဆီ ပြန်ရောက်ခဲ့ပြီး ရသစုံလင်ချင်းပြည်နယ်ခရီးစဉ်လေးလည်း အောင်အောင်မြင်မြင် ပြီးဆုံးခဲ့ပါတယ်ရှင်။



**မျက်လုံးအကြီးတစ်လုံး၊ အသေးတစ်လုံးနဲ့ တူတဲ့ ကျောက်တောင်ကြီး**



**မျောက်ဝံကြီးနဲ့ တူတဲ့ ကျောက်တောင်ကြီး**





**မြေပြိုတာ တားဖို့ ထိန်းသိမ်းထားပုံ**



ဖောမိတစ်ထောင်နားက မြေပက်ကြားအက်နေပုံ ( အရင်ကတော့ ရေကန်ဖြစ်မယ်ထင်ပါတယ်။ )









ချင်းပြည်နယ် လမ်းခရီးတစ်လျှောက်မှ ပုံရိပ်များ

ကျေးဇူးတင်ပါတယ်။

မျက်ဝန်း